ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်

နေ့စွဲ – ၃၀. ၅. ၁၀

# ဘုရားသခင်၏ချစ်ခြင်း

(The Love of God, Rev. Herman Hoeksema)

## နိဒါန်း

ဤဆောင်ပါး၏ခေါင်းစဉ်၊ "ဘုရားသခင်၏ချစ်ခြင်း" ဆိုသည်ထက် ပို၍ ကျမ်းစာနှင့်ကိုက်ညီပါသည်ဆိုသော ခေါင်းစဉ်မျိုးကို အတော်ပင်ရှာ၍ခက်ပါမည်။ ထိုခေါင်းစဉ်ထက်ပို၍ စဉ်စားဆင်ခြင်သင့်သော၊ ပို၍ကြီးကြယ်ခန်းနားသော ခေါင်းစဉ်မျိုးကိုလည်း ရှာ၍လွယ်မည်မထင်ပါ။ ဤခေါင်းစဉ်က ကျွန်တော်တို့ကို ဘုရားသခင်၏တကယ့်အဖြစ်တော်အား တိုက်ရိုက်ဆင်ခြင်တွေးတောရန် ခေါ်ဆောင်သွားပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သောကြောင့်ဖြစ်သည်၊ ၁ယော၄း၈။ အထူးသဖြင့် ချစ်ခြင်းနှင့်ပတ်သက်၍ ဤအချက်ကို ထူးခြားစွာနှင့်အထူးပြုရမည်ဖြစ်ပါသည်၊ ၎င်းမှာ အရာခပ်သိမ်းသည် သူ့အားဖြင့်သာဖန်ဆင်းထားပြီး၊ သူပိုင်သောအရာများချည်း၊ သူ့အတွက်ချည်း ဖြစ်ပါသည်။ ဘုန်းအသရေတော်သည် သူ့ထံ၌ ထာဝရတည်တော်မူပါစေသော်၊ အာမင်။ ချစ်ခြင်းဆိုသည်မှာ ဤသို့ဖြစ်သည်၊ ကျွန်တော်တို့သည် ဘုရားသခင်ကို ချစ်ကြသည်မဟုတ်၊ ဘုရားသခင်က ကျွန်တော်တို့ကိုချစ်ခြင်းဖြစ်သည် ၁ယော ၄း၁၀။ ထိုအချက်သည် အချစ်အားလုံး၏ သဘောသဘာဝပင်ဖြစ်သည်။ ဘုရားသခင်သည် အချစ်၏အရင်းအမြစ်(source)ဖြစ်သည်။ စမ်းရေတွင်းမှစမ်းရေထွက်လာသကဲ့သို့ အချစ်သည် ဘုရားသခင့်ထံတော်မှနေ၍ ကျွန်တော်တို့ထံသို့၎င်း၊ ကျွန်တော်တို့မှတဆင့်၎င်း လှုပ်ရှားသက်ဝင်လာသည်(operate)။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ချစ်ခြင်းဖြစ်သောကြောင့်ဖြစ်ပါသည်၊ အစိပ္ပါယ်မှာ သူသည် အချစ်၏ အရင်းအမြစ်ဖြစ်သည်၊ သူ့ထံမှသာ အချစ်သည် ထွက်ပေါ်လာပါသည် ၁ယော ၄း၇။ ထိုအကြောင်းကြောင့် သမိုင်းကြောင်းတခုလုံးက မိမိ၏ရည်ရွယ်ချက်၊ သမိုင်း၏ အရေးကြီးဆုံးသောဗဟိုချက်မ၊ သမိုင်း၏ ပြည့်စုံခြင်းကို အချစ်အားဖေါ်ထုတ်ပြသရာ တခုတည်းသောအဖြစ်အပျက်၌ တွေ့မြင်ရခြင်းဖြစ်ပါသည်။ ၎င်း အဖြစ်အပျက်ဆိုသည်မှာ ဘုရားသခင်က သူ့အချစ်ကို ကျွန်တော်တို့ထံသို့ ဖေါ်ထုတ်ပြသသောဖြစ်ရပ်ဖြစ်ပါသည်၊ ဘုရားသခင်က သူ၏တပါးတည်းသောသားတော်ကို ဤလောကသို့ စေလွှတ်သောဖြစ်ရပ်ကိုဆိုလိုပါသည်။ သူ့သားတော်အားဖြင့် ကျွန်တော်တို့သည် အသက်ရှင်ခြင်းကိုရကြရန်ဖြစ်သည် ၁ယော၄း၉။ အဘယ်ကြောင့်ဆို သော် ဘုရားသခင်သည် ဤကမ္ဘာကြီးကို ချစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် သူ၏တပါးတည်းသောသားတော်ကို စေလွှတ်တော်မူသည်။ သူ့ကို ယုံကြည်သမျှသောသူတို့သည် ပျက်ဆီးခြင်းသို့မရောက်ရဘဲ ထာဝရအသက်ကို ရစေဖို့ဖြစ်ပါသည် ယော ၃း၁၆။ ထို့အပြင် အချစ်ဆိုသည်မှာ ခန်းနားကြီးကျယ်လွန်းသဖြင့်၊ ဘုရားသခင်နှင့်သာဆိုင်နေသဖြင့်၊ ကျွန်တော်တို့ထံတွင် ရှိနေသော ချစ်ခြင်းက ကျွန်တော်တို့သည် ဘုရားသခင်၏လူများဖြစ်ကြောင်း သေချာသောသက်သေ ပြနေပါသည်။ မုန်းတီးသောသူသည် အမိုက်မှောင်ထဲတွင်ရှိနေသူဖြစ်သည်။ သို့သော် မိမိညီအကိုကိုချစ်သောသူသည် အလင်းထဲ၌ရှိနေသူဖြစ်ပါသည် ၁ယော ၂း၉–၁၁။ ထို့အပြင် ချစ်တတ်သူသည် ဘုရားသခင်၏မွေးဖွားခြင်းကိုခံရသူဖြစ်သည်ဟု ပြောထားပါသည်။ ထို့ကြောင့် အချစ်သည် အကြီးမြတ်ဆုံးဖြစ်သည်၊ ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းတို့ထက် ပို၍ခန်းနားပါသည်။ ပရောဖက်ပြုခြင်းကဲ့သို့ ဝိညာဉ်တော်ကပေးသော လက်ဆောင်များ၊ တန်ခိုးစွမ်းအင်များနှင့် အသိပညာများသည်လည်း အချစ်နှင့်နှိုင်းယှဉ်လျှင် အသေးအဖွဲ့များသာ ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ဆင်ခြင်တွေးတောနေသောအကြောင်းသည် အရေးပါခြင်းတို့တွင် အမြင့်ဆုံးဖြစ်နေပါသည်။ ထို့ကြောင့် ခရစ်ယာန်တယောက်အနေနှင့် စိတ်အဝင်စားဆုံးဖြစ်သင့်သောအရာ၊ ထို့ထက်ပင်မကပါ၊ ကျွန်တော်တို့၏ဝိညာဉ်ရေးရာအသက်တာအတွက် လက်တွေ့တန်ဖိုးကိုလည်း ပေးမည့်အရာဖြစ်နေပါသည်။ ကျမ်းစာက မကြာခဏ၊ ခန်းနားစွာ ပြောပြနေသော ထို ဘုရားသခင်၏ချစ်ခြင်းဆိုမှာ အဘယ်နည်း? ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်ဆိုသည်မှာအဘယ်နည်း? အချစ်သည် အမြဲတမ်း

ဘုရားသခင့်ထံတော်မှသာ လာပါသည်ဆိုသည်မှာ အဘယ်နည်း? ထို ဘုရားသခင်၏အချစ်သည် မည်သို့ ပေါ်ထွက်လာသနည်း? မည်သူတို့သည် အချစ်ခံရသူဖြစ်သနည်း၊ မည်သူတို့သည် ထိုအချစ်တွင် ပါဝင်ကြပါသနည်း? ဤအမှန်တရားသည် အကြီးမြတ်ဆုံးသောအမှန်တရားဖြစ်သလို၊ တဖက်ကလည်း ဝမ်းနည်းစရာကောင်းလောက်အောင် လွဲမှားစွာနားလည်ကြသည့်အရာ ဖြစ်နေပြန်ပါသည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာဟု တွင်တွင်သုံး နေကြသော်လည်း နည်းနည်းကလေးသာ နားလည်ကြသည်ကိုတွေ့နေရပါသည်။ ထို့ကြောင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအကြောင်းကို သေချာစွာနားလည်ရန် ဘုရားသခင့်နှုတ်ကပတ်တော်ကို လေ့လာကြပါမည်။

ကျမ်းစာမှပြောပြမှု
ဓမ္မဟောင်းကျမ်း

ချစ်ခြင်းဆိုသောစကားလုံးနှင့်ပတ်သက်၍ ကျမ်းစာကိုကြည့်သောအခါ၊ ပထမအနေနှင့် ဓမ္မဟောင်းကျမ်းတွင် အထူးသဖြင့် စကားလုံးနှစ်လုံးဖြင့် ပြောပြသည်ကိုတွေ့ရသည်။ ထိုစကားနှစ်လုံးနှင့် ချစ်ခြင်းဆိုသော အိုင်ဒီယာကိုဖေါ်ပြပါသည်၊ ကွဲပြားခြားနားသောအဓိပ္ပါယ်တို့ကို ပြောပြပါသည်။ ပထမစကားလုံး၏ အခြေခံအဓိပ္ပါယ်သည် ပူးပေါင်းသည်၊ ခိုင်မြဲစွာချည်နှောင်သည် ဟူ၍ဖြစ်သည်။ ထို့အပြင် ကံမလိုသော ကြိ ယာပုဒ်အဖြစ် ကပ်နေသည်၊ တပူးပူးတတွဲတွဲနေသည်ဟုလည်း သုံးလေ့ရှိသည်။ ချစ်ခြင်းဆိုသည့်စကားနှင့် ပတ်သက်၍ ဤစကားလုံးက အထူးပြုလိုသော အိုင်ဒီယာသည် မိတ်သဟာယဖွဲ့ခြင်း၌ တုတ်နှောင်ခြင်း (a bond of fellowship)ဆိုသည့်အဓိပ္ပါယ်ဖြစ်သည်။ ထို့အပြင် အကြိုက်တွေ့သည်(delight)ဆိုသည့် အိုင်ဒီ ယာကိုလည်း ဖေါ်ထုတ်ပါသည်။ တယောက်သောသူက တခုသောအရာကို အကြိုက်တွေ့သည် ထို့ကြောင့် သူကြိုက်သောအရာကို အမြဲတမ်းတသည်၊ အမြဲရှာဖွေသည်၊ တွေ့သည့်အခါ အနားတွင်ကပ်၍နေသည်။ ထို့ ကြောင့် ဤစကားလုံးအရ အချစ်ဆိုသည်မှာ လူနှစ်ခုသည် မိတ်သဟာယဖွဲ့ခြင်းတုတ်နှောင်မှုထဲ၌ တခုနှင့် တခု အကြိုက်တွေ့ကြသည်ဟူ၍ အဓိပ္ပါယ်ရသည်။ ထိုသို့ ဘုရားသခင်၏ချစ်ခြင်းကို တရား ၇း၇ ၌အသုံးပြု ထားပါသည်။ "သင်သည် အခြားသောလူမျိုးထက် သာ၍များသောကြောင့် ထာဝရဘုရားသည် သင့်ကိုချစ် ၍(ဆိုလိုသည်မှာ၊ သဘောကျသည်၊ ကြိုက်သည်၊ သင့်ကိုရှာသည်၊ တွေ့သောအခါ ကပ်လျှက်နေသည် ဟူ၍ နားလည်ရမည်) ရွေးချယ်တော်မူသည်မဟုတ်၊ သင်သည် အခြားသောလူမျိုးတကာတို့ထက် သာ၍နည်း၏။" ဆာလံ ၉၁း၁၄ တွင်လည်း ထိုနည်းနှင်နှင်တွေ့ရပါသည်၊ "သူသည် ငါ့ကိုချစ်သောကြောင့် သူ့ကို ငါကယ် နှုတ်မည်၊ ငါ့နာမကိုသိသောကြောင့် သူ့ကိုငါချီးမြှောက်မည်။"

ဓမ္မဟောင်းကျမ်းစာမှာ ချစ်ခြင်းဆိုသည့် အိုင်ဒီယာအတွက်သုံးသော ဒုတိယစကားလုံးမှာ ချစ်ခင်စွာ နေထိုင်ခြင်းကို ပို၍ဖေါ်ပြသော စကားလုံးဖြစ်ပါသည်။ ထိုစကားလုံး၏အဓိပ္ပါယ်မှာ၊ စွဲလမ်းခြင်း၊ ပြင်းထန်သောစိတ်နှင့် လိုချင်မှုရှိခြင်းဟု ပြန်နိုင်ပါမည်။ ထိုစကားလုံးကို တရား ၆း၅ တွင်သုံးပါသည်၊ "သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့ (ဆိုလိုသည်မှာ၊ စွဲလမ်းပါ၊ ဘုရားသခင်ကို ပြင်းထန်သောစိတ်နှင့် လိုချင်ပါဟု ပြောနေခြင်းဖြစ်သည်)။" ထို့ကြောင့် အမြင့်မားဆုံးသောကောင်းမြတ်ခြင်းအဖြစ်နှင့် ဘုရားသခင်သည် ကျွန်တော်တို့၏ တခုတည်းသော လိုချင်မှု၊ အဓိကဖြစ်သော လိုချင်မှု ဖြစ်ရပါမည်။ ထိုစကားသည် ချစ်ခြင်းမှလာသောစကားဖြစ်သည်၊ အာသက ဆာလံ၇၃း၂၅တွင်ပြောခဲ့သလိုဖြစ်သည်၊ "ကိုယ်တော်မှတပါး၊ ကောင်းကင်ဘုံမှာ အကျွန်ုပ်၌ အဘယ်သူရှိပါသနည်း? ကိုယ်တော်ကို အလိုရှိသည်နှင့်အမျှ မြေကြီးပေါ်မှာ အကျွန်ုပ်သည် အဘယ်(အရာကို) အလိုရှိပါသနည်း?" ထို့အပြင် ဒါဝိတ်၏ ဆာလံ ၄၂း၁၊၂တွင် စပ်ဆိုခဲ့ခြင်းသည် ချစ်ခြင်းကို နက်နဲစွာဖွင့်ထုတ်ဖေါ်ပြမှုတခုဖြစ်ပါသည်၊"သမင်ဒရယ်သည် ရေစီးသောစမ်းချောင်းကို တောင်းတသကဲ့သို့၊ အကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်တော်ကို တောင့်တပါသည်ဘုရား၊ ငါ့ဝိညာဉ်သည် ဘုရားသခင်တည်းဟူသော အသက်ရှင်တော်မူသောဘုရားကို ငတ်(မွတ်တောင့်တ)လှ၏၊ အဘယ်ကာလမှ ဘုရားသခင့်ထံတော်သို့ ရောက်၍ မျက်နှာပြရအံ့နည်း?" ထိုစကားလုံးကို ဘုရားသခင်မှ သူ့လူများထံသို့ ထားတော်မူသော ချစ်ခြင်းကို ဖွင့်ထုတ်ဖေါ်ပြရန်လဲ အသုံးပြုပါသည်၊ တရား

၄း၃၇၊ “သင်တို့ဘိုးဘေးများကို ချစ်တော်မူသောကြောင့် သူတို့အမျိုးအနွယ်ကို ရွေးကောက်တော်မူပြီ၊ သင်တို့ထက် အားကြီး၍ များပြားသောလူမျိုးတို့ကို သင်တို့ရှေ့မှ နှင်ထုတ်တော်မူ၍၊ ယနေ့ပင်ဖြစ်သကဲ့သို့ သူတို့မြေထဲသို့ သင်တို့ကိုသွင်း၍၊ အမွေခံဖြစ်စေခြင်းငှာ မဟာတန်ခိုးတော်အားဖြင့် အဲဂုတ္တုပြည်မှ ရှေ့တော်၌ နှုတ်ဆောင်တော်မူပြီ။” ဟောရှာ ၆း၄တွင်လဲ ထိုသို့တွေ့ရပါသည်၊ “သူ၏ချစ်ခြင်းဖြင့်၎င်း၊ သူ၏သနားခြင်းဖြင့်၎င်း ရှေးကာလပတ်လုံး၊ သူတို့ကို ကယ်တင်တော်မူသည်၊ ချီဆောင်တော်မူသည်။” ထိုစကားလုံးများက ပြောပြနေသော အဓိပ္ပါယ်များကို စုပေါင်းလျှက် ပြောရလျှင်၊ ချစ်ခြင်းဆိုသည်မှာ ဝိညာဉ်ရေးရာအရ တုတ်နှောင်သော မိတ်သဟာယဖွဲ့ခြင်း ဖြစ်သည်၊ ထိုတုတ်နှောင်ခြင်းအထဲတွင် နှစ်ခု(သို့)သုံးခုသောအုပ်စုတို့သည် တစ်ခုကိုတစ်ခု တွယ်တာကြသည်၊ ချင်ခင်မြတ်နိုးကြသည်၊ တစ်ခုကိုတစ်ခုက လိုချင်နှစ်သက်ကြသည်၊ တစ်ခုကိုတစ်ခု အမြဲရှာဖွေကြသည်၊ တောင့်တကြပါသည်။

## ဓမ္မသစ်ကျမ်း

ဓမ္မသစ်ကျမ်းစာတွင် စကားလုံး(၂)လုံးကိုတွေ့ရပါသည်။ ထိုအထဲမှ တလုံးကိုသာ လေ့လာရန် လိုအပ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ထိုစကားလုံးကိုသာ ဘုရားသခင်၏ချစ်ခြင်းအတွက် အသုံးပြုသောကြောင့်ဖြစ်သည်။ အခြားစကားလုံးကို နူးညံ့သောကြင်နာခြင်း၌သာ အသုံးပြုသည်ကိုတွေ့ရသည်၊ သဘောကျခြင်းကို ပို၍ပြောချင်သည်၊ စိတ်နှလုံးမှဆုံးဖြတ်ချက်ချ၍လုပ်ကိုင်ခြင်းထက်၊ စိတ်လှုပ်ရှားခံစားမှုကိုသာ အဓိကထားပါသည်။ ချစ်ခြင်းဆိုသည်ကိုပြောပြသည့် ပုံမှန်စကားလုံးထက် ပို၍ပျော့ပါသည်။ ယော ၂၂း၁၅–၁၇တွင် ထို စကားလုံး(၂)ခုလုံးကိုသုံးထားကြောင်း အများကသိကြပါသည်။ သခင်ဘုရားကို ငြင်းပယ်ခဲ့သော ပေတရုကို နေရာမှန်သို့ ပြန်ရောက်ရန် မေးမြန်းသောအခန်းဖြစ်သည်။ သခင်ဘုရားက ဝမ်းနည်းနေသော သူ့တပည့်ကို၊ သူ့အားချစ်ပါသေးသလားဟု မေးနေပါသည်၊ နှစ်ကြိမ်တိတိ ချစ်ခြင်းကို သေချာစွာပြောပြနိုင်သည့် ပို၍အဓိပ္ပါယ် ခိုင်မာသောစကားလုံးကို အသုံးပြုကာ မေးမြန်းတော်မူသည်။ နောက်ဆုံးအကြိမ်တွင် နူးညံ့သောကြင်နာခြင်းဟူ၍သာ အဓိပ္ပါယ်ပေးနိုင်သည့် ပို၍ပျော့သောစကားလုံးကို အသုံးပြုလျှက် မေးမြန်းတော်မူသည်။ တမန်တော်ပေတရုက ပို၍အဓိပ္ပါယ်ခိုင်မာသောစကားလုံးကို လုံးဝအသုံးမပြုရဲပါ၊ လက်တလောလေးကမှ ကိုယ့်ကိုယ်ကို အယုံကြည်လွန်ကဲ၍၊ သနားဖွယ်ကောင်းလောက်အောင် ပျော့ညံ့သူဖြစ်မှန်း ကိုယ့်ကိုယ်ကို သဘောပေါက်ခဲ့ခြင်းကို သတိရလျှက် ထိုသို့မသုံးရဲရခြင်းဖြစ်သည်။ ပို၍ပျော့သောစကားလုံး သုံးထားသည့်ကျမ်းပိုဒ်ကို “ခံစားပါသည်”("to feel for")ဟု ဘာသာပြန်နိုင်ပါမည်။ “သခင်ယေရှုက ရှိမုန်ပေတရု ဤအရာအားလုံးထက် ငါ့ကိုချစ်ပါသလား?ဟု မေးသည့်အခါ၊ မှန်ပါသည်သခင်၊ ကိုယ်တော့်အတွက် ကျွန်တော် ခံစားပါသည်ဟု ပြန်ဖြေလိုက်သည်။”

“သခင်ယေရှုက ဒုတိယအကြိမ် ထပ်မေးပါသည်၊ ယောန၏သား ရှိမုန်၊ ငါ့ကို ချစ်ပါသလား? အဖြေပြန်ပေးသည်မှာ မှန်ပါသည်သခင်၊ ကိုယ်တော့်အတွက် ကျွန်တော် ခံစားမိပါသည်။”

“သခင်ယေရှုက တတိယအကြိမ်ထပ်မေးပါသည်၊ ယောန၏သား ရှိမုန်၊ သင် ငါ့အတွက် ခံစားပါသလား? အဖြေပြန်ပေးသည်မှာ၊ သခင် ကိုယ်တော်သည် အားလုံးကိုသိတော်မူပါသည်၊ ကိုယ်တော့်အတွက် ကျွန်တော် ခံစားရပါသည်။”

သို့သော် ဤအဖြစ်အပျက်က ဘုရားသခင့်ချစ်ခြင်းကို ကျမ်းစာတွင်သုံးသည့် ပို၍အဓိပ္ပါယ်ခိုင်မာသောစကားလုံးကို ဖေါ်ပြပါသော်လည်း၊ ထိုစကားလုံး၏ အဓိပ္ပါယ်မှန်နှင့်ပတ်သက်၍တော့ ဘာကိုမှ သင်မပေးပါ။ ထို့ကြောင့် ကျွန်တော်တို့ အခြားသောကျမ်းပိုဒ်များကို ဆက်၍လေ့လာရဦးမည်ဖြစ်ပါသည်။ သို့မှသာ ချစ်ခြင်း ဆိုသည့်စကားလုံး၏ အဓိပ္ပါယ်မှန်၊ အတွေးအမြင်မှန်ကို သိနိုင်ကြပါမည်။ ပထမအနေနှင့် ကောလောသဲ ၃း၁၄ကို သတိထားစေချင်ပါသည်၊ “စုံလင်ခြင်းအဖွဲ့အစည်းတည်းဟူသော ချစ်ခြင်းမေတ္တာကို ထပ်၍ ယူတင်ဝတ်ဆောင်ကြလော့” (ဆရာယုဒသန် ဘာသာပြန်ခြင်းက ဘာကိုမှပြောမပြပါ၊ မူရင်းတွင် ဤသို့တွေ့ ရပါသည်၊ "Above all put on love, which is the bond of perfectness." အဓိပ္ပါယ်မှာ “ထိုအရာတို့အ ထက်တွင် ပြည့်စုံခြင်း၏တုတ်နှောင်ထားခြင်းဟုခေါ်သည့် ချစ်ခြင်းကို ဝတ်ဆင်ကြလော့”)။ ဤကျမ်းပိုဒ်က ချစ်ခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပြောပြပါသည်။ ချစ်ခြင်းဆိုသည်မှာ ပြည့်စုံခြင်း၏တုတ်နှောင်ထားမှု ဖြစ် ပါသည်။ “ပြည့်စုံခြင်း၏တုတ်နှောင်မှု”ကို

ကိုယ်ကျင့်တရားနှင့်ဆိုင်သောအရာများ၌ ကောင်းမြတ်ပြည့်စုံစွာ အသက်ရှင်လျှက် အတူတကွ ညီညွတ်စွာ နေထိုင်ခြင်း၊ တွဲနေခြင်းဟု နားလည်နိုင်ပါသည်။ ထိုကိုယ်ကျင့်တ ရားဆိုင်ရာ ကောင်းမြတ်ခြင်းများမှာ မှန်ကန်ခြင်း၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ တရားမျှတမှု၊ သစ္စာရှိမှု စ သည်တို့ဖြစ်ပါသည်။ ထို့ကြောင့် ချစ်ခြင်းဆိုသည်မှာ တုတ်နှောင်ခြင်းဖြစ်သည်။ ကိုယ်ကျင့်တရား၏ပြည့်စုံ သောအခြေအနေ၌သာ တည်ရှိနိုင်ပြီး၊ ပေါ်ထွက်နိုင်ပါသည်။ အမိုက်မှောင်ထဲတွင် ချစ်ခြင်းမရှိနိုင်ပါ။ အ မှောင်ကိုချစ်သောသူတို့သည် တဦးကိုတဦး မည်သည့်နည်းနှင့်မျှ မချစ်နိုင်ကြပါ။ အချစ်ဆိုသည်မှာ တစုံတ ဦးကအခြားတစုံတဦးကို နှစ်သက်သဘောကျ၍ ညီညွတ်စွာနေချင်မှု၊ တုတ်နှောင်ထားမှု ဖြစ်ပေါ်လာလျှက်၊ တဦးကိုတဦး တမ်းတလျှက်၊ ထိုအချစ်က တဦးကိုတဦးရှာဖွေနေစေပါသည်ဟု အနက်ဖွင့်လျှင် ထိုသို့ သ ဘောကျချစ်မြတ်နိုးခြင်းသည် ကိုယ်ကျင့်တရားအရ ပြည့်စုံခြင်းအတွင်း၌သာ ပေါ်ထွက်နိုင်ပါသည်။ စစ်မှန် သော ချစ်ခြင်းဖြင့် ချစ်သူသည် ပြည့်စုံခြင်းကိုသာ နှစ်သက်ပါသည်၊ ကိုယ်ကျင့်တရား၏ကောင်းမြတ်ခြင်း၊ အမှန်တရားနှင့်ဖြောင့်မတ်ခြင်း၊ အလင်းတရား စသည်တို့ကိုသာ နှစ်သက်ပါသည်။ ထို့ကြောင့် ချစ်ခြင်းဖြစ် ပေါ်ဖို့ ပြည့်စုံသောချစ်သူ၊ ပြည်စုံသောအချစ်ခံရသူတို့သည် လိုအပ်နေပါသည်။ ချစ်သောသူသည်၄င်း၊ အ ချစ်ခံရသောသူသည်၄င်း နှစ်ဦးစလုံးသည် ပြည့်စုံရပါမည်။ အချစ်ဆိုသည်မှာ ပြည့်စုံခြင်း၏တုတ်နှောင်ခြင်း ဖြစ်သဖြင့် ပြည့်စုံသောသူနှစ်ဦးကိုသာ ညီညွတ်နေစေရန် တုတ်နှောင်ထားနိုင်ပါမည်။ ထို့ကြောင့် အချစ် ဆို သည်မှာ ကိုယ်ကျင့်တရား၏ကောင်းမြတ်ခြင်းတခုဖြစ်ပါသည်။ အချစ်သည် ဂုဏ်လက္ခဏာတခုဖြစ်သည်၊ အလိုဆန္ဒ(will)၏လှုပ်ရှားမှုတခုဖြစ်ပါသည်။ ချစ်ဖို့ရန်အတွက် ဝိညာဉ်တခု(person)လိုအပ်ပါသည်။ အချစ် ခံရဖို့ရန်လဲ ကိုယ်ကျင့်တရားကိုတည်ဆောက်နိုင်သော ဝိညာဉ်(person)ရှိသူတယောက်ဖြစ်ဖို့လိုအပ်ပါသည်။ ထို့ကြောင့် အချစ်ဆိုသည့်စကားလုံးကို တိရိစ္ဆာန်များ၊ ပစ္စည်းများအတွက် အသုံးပြုခြင်းသည် မဖြစ်နိုင်ပါ။ သို့သော် ထိုစကားလုံးကို ပစ္စည်းများနှင့်ပတ်သက်၍၊ ကိုယ်ကျင့်တရားနှင့်၄င်း၊ ဝိညာဉ်ရေးရာနှင့်ဆိုင်၍၄င်း အသုံးပြုခြင်းများတော့ ရှိနေပါသည်။ ကျမ်းစာထဲတွင် ထိုသို့သုံးနှုန်းခြင်းများကိုတွေ့ရပါသည်၊ ကိုယ်ကျင့်တ ရားပြည့်စုံခြင်းနှင့်ပြောင်းပြန်ဖြစ်သောအခြေအနေအတွက် အသုံးပြုလေ့ရှိပါသည်။ ကျမ်းစာက လူတို့သည် အလင်းတရားထက် မှောင်မိုက်ကိုချစ်ကြသည် (ယော ၃း၁၉)၊ ဘုရားသခင်၏ ဘုန်းအသရေထက်၊ လူတို့၏ ဘုန်းအသရေကို ချစ်ကြပါသည်ဟု ပြောသည့်အခါ (ယော ၁၂း၄၃)၊ ဘုရားကို မသိသော သဘာဝလူသား၏ လွဲမှားနေသောအချစ်ကို အထူးပြုလျှက် ပြောနေခြင်းသာဖြစ်ပါသည်။ ခင်ပွန်းသည်တယောက်က မိမိ၏ဇနီး ကို သစ္စာဖေါက်လျှက်၊ အခြားမိန်းမတယောက်ကို ချစ်ပါသည်ဟုပြောသည့်အခါ၊ ထိုသို့ပြုခြင်းသည် အချစ် မဟုတ်ဘဲ မတရားသောမေထုန်မှီဝဲခြင်းသာ ဖြစ်သကဲ့သို့ ဖြစ်ပါသည်။ အချစ်ဆိုသည်မှာ ပြည့်စုံခြင်း၏တုတ် နှောင်ခြင်းဖြစ်ပါသည်။ ကိုယ်ကျင့်တရား၌ပြည့်စုံသူများကိုသာ ညီညွတ်စေနိုင်ပါသည်။ ထိုအချက်က စိတ် ဆန္ဒပါလျှက် ရွေးချယ်ခြင်းသည်၊ မုန်းတီးခြင်းကိုဆန့်ကျင်လျှက် ရွေးချယ်ရခြင်းဖြစ်သည်ဟု ဆက်၍ပြောနေ ပါသည်။ လူသည် သခင်နှစ်ဦးကို အစေမခံနိုင်ပါ၊ သူသည် တဦးကိုချစ်၍ နောက်တဦးကို မုန်းရပါမည်၊ မဿဲ ၆း၂၄။ ဘုရားသခင်က ယာကုပ်ကိုချစ်ပါသည်၊ သို့သော် ဧသောကို မုန်းပါသည် ရောမ ၉း၁၃။ ထို့အ ပြင် ချစ်ခြင်းသည် ပညတ်တော်များကို ပြည့်စုံစေခြင်းလဲဖြစ်ပါသည် ရောမ ၁၃း၁၀။ ဘုရားသခင်ကိုချစ်ခြင်း သည် ပထမဆုံးနှင့်အကြီးမြတ်ဆုံးသော ပညတ်တော်ဖြစ်သည်၊ ထို့အတူ မိမိအိမ်နီးချင်းကိုချစ်ခြင်းလည်းဖြစ် ပါသည်။ ထိုအတွက်ကြောင့် သခင်ဘုရားက မပြောင်းလဲနိုင်သောအမှန်တရားကို တည်ထောင်ခဲ့ပါသည်၊ ၄င်းမှာ သူ့ကိုချစ်သောသူသည် သူ၏ပညတ်တော်များကိုစောင့်ရှောက်မည်ဖြစ်သည်။ သူ့ကို မချစ်သောသူ သည် သူ့စကားကိုလဲ နားထောင်မည်မဟုတ်ပါ၊ ယော ၄း၂၃၊ ၂၄။ ထို့အပြင် ချစ်ခြင်း၏ကိုယ်ကျင့်တရားအ ရ ပြည့်စုံခြင်းသဘောတရားသည်၊ ၁ကော ၁၃ တွင်ကျွန်တော်တို့တွေ့ရသော ချစ်ခြင်းမေတ္တာအား ဂုဏ်ပြု ပြောဆိုခြင်း၏ အခြေခံသဘောတရားဖြစ်ပါသည်။ အချစ်သည် ဆိုးညစ်ခြင်းတွင် မပျော်ပိုက်ပါ၊ သို့သော် အ မှန်တရားတွင်သာ ပျော်မွေ့ပါသည် ၁ကော ၁၃း၆။

ချစ်ခြင်း၏ကိုယ်ကျင့်တရားသဘောသဘာဝကို သေချာစွာသိနားလည်လျှင်၊ ကျမ်းစာက ဘုရားသ ခင်သည် ချစ်ခြင်းဖြစ်သည်ဟု ရေးသားခြင်းကို ဖတ်ရသည့်အခါတွင် အံ့သြတော့မည်မဟုတ်ပါ၊ ၁ယော၄း၈။ ထို့အပြင် ချစ်ခြင်းသည် အမြဲတမ်း ဘုရားသခင့်ထံမှာလာပါသည်၊ မည်သည့်နေရာတွင်မဆို၊ မည်သူတို့ထံ

တွင်မဆို သင်သည် စစ်မှန်သောချစ်ခြင်းကိုတွေ့လျှင် ၄င်းသည် ဘုရားသခင့်ထံမှလာပါသည်၊ အရင်းအမြစ်သည် ဘုရားသခင်ထံတွင်သာဖြစ်ပါသည် ၁ယော ၄း၇။ ဘုရားသခင်သည် ချစ်ခြင်းဘုရားသခင်ဖြစ်ပါသည် ၂ကော ၁၃း၁၁။ အဘယ်ကြောင့်ဆိုသော် သူသည် စင်ကြယ်လှစွာ ပြည့်စုံသူဖြစ်ပါသည်။ သူ၏ဖြစ်တည်မှု (နေ့ညသ)ကိုယ်၌က ပြည့်စုံခြင်းဖြင့်နှောင်ဖွဲ့ခြင်းဖြစ်ပါသည်။ သူသည် အလင်းဖြစ်သည်၊ သူ၏ထံတော်၌မှောင်မိုက်ခြင်း အလျှင်းမရှိပါ။ သူသည် ဖြောင့်မတ်ခြင်းဖြစ်သည်၊ သူသည် အမှန်တရားဖြစ်သည်၊ သူသည် အသိပညာ ဖြစ်သည်၊ ဉာဏ်ပညာလဲဖြစ်သည်၊ သူသည် သန့်ရှင်းစင်ကြယ်ခြင်းဖြစ်သည်၊ သူသည် ကောင်းမြတ်ခြင်း၊ အမြင့်ဆုံးသောကောင်းခြင်း၊ ကောင်းခြင်းအားလုံးတို့ထွက်ပေါ်လာရာ စမ်းရေပေါက် ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် မိမိကိုယ်ကိုအတွင်း၌ ချစ်တော်မူသည်၊ သူ့ကိုယ်သူချစ်ပါသည်။ သူ၏ပြည့်စုံခြင်းသဘာဝ၏ သဘောကျခြင်း၊ ချစ်ခြင်းတို့က သူ၏အနန္တပြည့်စုံခြင်းများသို့ ခေါ်ဆောင်သွားပါသည်။ ထို့ကြောင့် ဤရှုထောင့်မှကြည့်လျှင်၊ ဘုရားသခင်သည် သူ့ကိုယ်သူထဲ၌ လုံလောက်သောသူဖြစ်သည်၊ သူ့အားအမှုတော်ဆောင်ပေးဖို့ လူသား၏လက်များကို လိုအပ်တော်မမူပါ။ သူ့ကိုချစ်ဖို့ လူ၏နှလုံးသားကို မလိုအပ်ပါ၊ သူ့ကိုချစ်မည့်သူရှိဖို့ သူ၏ပြင်ပမှ ဖန်ဆင်းခံသတ္တဝါ တစုံတခုကိုမျှ မလိုအပ်သူဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သုံးပါးတဆူဖြစ်ပါသည်။ ဖြစ်တည်မှု၌ တဆူတည်း၊ ပုဂ္ဂိုလ်များအနေဖြင့် သုံးပါး ဖြစ်ပါသည်။ သူသည် ခမည်းတော်အနေနှင့် သူ့ကိုယ်သူ သားတော်မှနေ၍၊ ဝိညာဉ်တော်အတွင်း၌ သိနေပါသည်။ စဉ်ဆက်မပြတ်၊ ထာဝရကာလကပင် သူသည် သူ၏ပြည့်စုံခြင်းများကို ကြည့်မြင်ပါသည်၊ ထိုပြည့်စုံခြင်းတို့ကို နှစ်သက်သဘောကျပါသည်။ ပုဂ္ဂိုလ်သုံးပါးဖြစ်သော သန့်ရှင်းသောသုံးပါးတဆူဘုရားသခင်သည် တဦးကိုတဦး ဘုရားနှင့်သာဆိုင်သော၊ အနန္တဖြစ်သော ပြည့်စုံသောချစ်ခြင်းဖြင့် တုတ်နှောင်၊ နှောင်ဖွဲ့တော်မူကြပါသည်။ ထို့ကြောင့် ကျမ်းစာထဲတွင် ခမည်းတော်က သားတော်ကို ချစ်သည်ဟု ဖတ်ရခြင်းဖြစ်သည်၊ ယော ၃း၃၅။ “ငါ့ခမည်းတော်သည် ငါ့ကိုချစ်တော်မူ၏”ဟု သခင်ခရစ်တော်က ပြောပါသည် ယော ၁၀း၁၇၊ “သူကလည်း ခမည်းတော်ကိုချစ်ကြောင်း၊ လောကကြီးကို သိစေချင်ပါသည်၊ ယော ၁၄း၃၁။ ထိုသို့ ကျမ်းစာပြောပြချက်များကိုကြည့်၍ ချစ်ခြင်းတွင် အဓိကပါဝင်သော အကြောင်းအရာများကို သိနိုင်ကြပါသည်။ ပထမအနေနှင့်၊ ချစ်ခြင်းသည် မိတ်သဟာယဖွဲ့ခြင်း၏တုတ်နှောင်ခြင်းဖြစ်သည်၊ ၄င်းက ညီညွတ်စေသည်၊ တဦးကိုတဦး ဆွဲခေါ်စေသည်၊ နှစ်ဦးကိုခိုင်မာစေပါသည်။ ဒုတိယအနေနှင့်၊ ချစ်ခြင်းသည် ကိုယ်ကျင့်တရား သဘောသဘာဝရှိပါသည်။ ထို့ကြောင့် ကိုယ်ကျင့်တရားရှိသော ချစ်သူ၊ ကိုယ်ကျင့်တရားရှိသော အချစ်ခံရသူတို့ လိုအပ်ပါသည်။ ချစ်သောသူသည်၄င်း၊ အချစ်ခံရသူသည်၄င်း ပြည့်စုံရမည်။ အကယ်၍ ကျမ်းစာက မိမိရန်သူကိုချစ်ပါဟုပြောသည့်အခါ၊ မိမိကို နှိပ်စက်ဒုက္ခပေးသူကိုချစ်ပါဟု ပြောသည့်အခါ၊ ထိုသို့သောသူတို့နှင့် ချစ်ခင်စွာပေါင်းသင်းမိတ်သဟာယဖွဲ့ပါဟု ပြောနေခြင်း လုံးဝမဟုတ်ပါ။ ထိုသို့သောအခြေအနေတွင် ပြည့်စုံခြင်း၏နှောင်ဖွဲ့ခြင်းသည် မရှိနိုင်ပါ။ ထို့ကြောင့် အဓိပ္ပါယ်မှာ ကျွန်တော်တို့က ထိုသို့သောသူတို့အပေါ် ချစ်ခြင်းဖြင့်လုပ်ဆောင်မှုတို့ကို ပေးအပ်ပါဟု ဆိုလိုခြင်းဖြစ်သည်။ ထိုသို့သောလုပ်ဆောင်မှုကသူတို့ကို ပြည့်စုံခြင်းအဖြစ်သို့ သွေးဆောင်နိုင်မည်ဟု ဆိုလိုနေခြင်းဖြစ်သည်။ ထိုသူတို့ကို ကျွန်တော်တို့က ကောင်းချီးပေးပါမည်၊ ဆုတောင်းပေးပါမည်။ နောက်ဆုံးအနေနှင့် ချစ်ခြင်းဆိုသည်မှာ ပြည့်စုံသော ချစ်သူက ပြည့်စုံသော အချစ်ခံရသူကို ပြည့်စုံခြင်း၌ သဘောကျနှစ်သက်ခြင်းဖြစ်ရာ၊ ချစ်ရသူကို အမြဲရှိဖွေနေလျှက်၊ တွေ့သောအခါ သူ့အနားမှမခွာဘဲ တွယ်ကပ်နေခြင်းကို ဖြစ်ပွားစေပါသည်။

ချစ်ခြင်း၏အဓိပ္ပါယ်ဖွင့်ဆိုချက်

ယခုအခါ ကျွန်တော်တို့သည် ချစ်ခြင်း၏အနက်အဓိပ္ပါယ်ကို အောက်ပါအတိုင်း ဖော်ပြပါမည်။ ချစ်ခြင်းဆိုသည်မှာ ဝိညာဉ်ရေးရာနှင့်ဆိုင်သော ပြည့်စုံသည့်မိတ်သဟာယဖွဲ့ခြင်းဖြင့်တုတ်နှောင်၊ နှောင်ဖွဲ့ခြင်းဖြစ်သည်၊ ၄င်းသည် ကိုယ်ကျင့်တရားအရပြည့်စုံသော၊ အလင်းထဲ၌နေသော ပုဂ္ဂိုလ်(စိတ်ဝိညာဉ်ရှိသူ)တို့ကြား၌သာ ဖြစ်ပေါ်တည်ရှိနိုင်သည်၊ ထိုသူတို့သည် သူတို့၏ပြည့်စုံခြင်းကြောင့် တဦးပေါ်၌တဦး သဘောကျနှစ်သက်ကြပါသည်၊ တဦးကိုတဦး တမ်းတကြပါသည်၊ တဦးကိုတဦး ရှာဖွေကြပါသည်၊ တဦးထံ၌တဦးတွယ်ကပ်နေထိုင်ကြပါသည်။

ထို့ကြောင့် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်၊ ချစ်ခြင်း၏ဘုရားဖြစ်သည်၊ ချစ်ခြင်းအားလုံးသည် ဘုရားသခင်မှလာသည်။ သူ၏ထံတော်၌ ချစ်ခြင်းသည် ပြည့်ဝပြည့်စုံခြင်းနှင့် မိမိကိုယ်ကို လုံလောက်နေခြင်းဖြစ်ပါသည်။ သူသည် အနန္တဖြစ်သောပြည့်စုံသည့်ချစ်ခြင်းဖြင့်၊ ထာဝရကာလမှ ထာဝရကာလတိုင်အောင် ချစ်သောသူဖြစ်သည်၊ ထို့အပြင် သူသည် အချစ်ခံရသူလည်း ဖြစ်တော်မူပြန်သည်။ ဘုရားသခင်သည် ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ ပြည့်စုံတော်မူသူဖြစ်သောကြောင့်၊ အနန္တပြည့်စုံခြင်းနှင့် မိမိကိုယ်ကို၌ ကျေနပ်သဘောကျသူဖြစ်သည်၊ မိမိကိုယ်ကို ရှာတော်မူသည်၊ မိမိကိုယ်ကို ထာဝရကာလတွင် ရှာတွေ့တော်မူသည်၊ မိမိကိုယ်ကို၌ မိတ်သဟာယပြုသူဖြစ်သည်၊ ခမည်းတော်မှနေ၍၊ သားတော်အားဖြင့်၊ သန့်ရှင်းသောဝိညာဉ်တော်ထဲတွင် ပြည့်ဝသောချစ်ခြင်းကို ခံစားအသက်ရှင်တော်မူပါသည်။

သို့သော် ဘုရားသခင်သည် သူချစ်ဖို့ရန် ဖန်ဆင်းခံသတ္တဝါ တခုကိုမျှ လိုအပ်တော်မမူသော်လည်း၊ ထို့အပြင် အချစ်ခံရန် မည်သည့်ဖန်ဆင်းခံကိုမျှ လိုအပ်တော်မမူသော်လည်း၊ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဘုရားသခင်၏အထဲတော်၌ရှိတော်မူသော ပြည့်စုံလှသည့်ချစ်ခြင်းအကြောင်းကိုသာ ပြောတော်မူသည်မဟုတ်ပါ၊ ဘုရားသခင်မှ ကျွန်တော်တို့ထံသို့ ထားတော်မူသည့် ချစ်ခြင်းအကြောင်းကိုလည်း ပြောပြတော်မူပါသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းစာက "ရွေးကောက်ခြင်းအရချစ်ရသူများ"ဟုပြောပြ၍ဖြစ်ပါသည်၊ ရောမ ၁၁း၂၈။ ကျမ်းစာက အရှက်မကွဲစေသော မျှော်လင့်ခြင်း၌ ဝမ်းမြောက်ကြပါဟု သင်ပေးပါသည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ချစ်ခြင်းကို ကျွန်တော်တို့၏နှလုံးသားများထဲသို့ သွန်းလောင်းပေးပြီးဖြစ်သောကြောင့်ဖြစ်ပါသည် ရောမ ၅း၅။ တမန်တော်ယောဟန်က ထိုချစ်ခြင်းအကြောင်းကို ခဏခဏပြောပါသည်၊ အထူးသဖြင့် သူ၏သြဝါဒစာများတွင်ဖြစ်သည်။ သူက ဘုရားသခင့် အံ့သြဖွယ်ချစ်ခြင်းကို သဘောကျကြဖို့ ပြောနေပါသည်၊ "ဘုရားသခင်၏သားတို့ဟု ခေါ်ဝေါ်ခြင်းအခွင့်ကို ငါတို့သည် ရမည်အကြောင်း၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့၊ ၁ယော ၃း၁။ ရှင်ယောဟန်က ချစ်ခြင်း၏သဘောသဘာဝအမှန်ကို ဤသို့ရှင်းပြပါသည်၊ "ငါတို့သည် ဘုရားသခင်ကို ချစ်ကြသည်ဟုမဆို၊ ဘုရားသခင်သည် ငါတို့ကိုချစ်တော်မူ၏" ၁ယော ၄း၁၀၊ ထိုအချက်သည်အလွန်မှန်ပါသည်၊ ချစ်ခြင်း၏ဂုဏ်လက္ခဏာ၊ လှုပ်ရှားပုံလှုပ်ရှားနည်းသည် ထိုသို့ဖြစ်ပါသည်။ အမြဲတမ်း ဘုရားသခင်ထံမှသာလာပါသည်၊ ကျွန်တော်တို့ထံမှထွက်လာ၍၊ ဘုရားသခင်ထံသို့ ဘယ်တော့မှမဟုတ်ပါ၊ ထို့အပြင် အပြန်အလှန်သဘောဖြင့်ချစ်ကြခြင်းလည်း မဟုတ်ပါ။ သို့သော် သူ့ထံတော်မှ ကျွန်တော်တို့ထံသို့ ရောက်လာပါသည်၊ ထို့နောက် ကျွန်တော်တို့၏ချစ်ခြင်းသည် သူ၏ချစ်ခြင်းကို တုန့်ပြန်သည့်သဘောသာဖြစ်သည်၊ ဘုရားသခင့်ချစ်ခြင်းကို ကျွန်တော်တို့နှလုံးသားများမှတဆင့် ဘုရားသခင့်ထံပြန်ပေးခြင်းမျှသာဖြစ်သည်၊ ၁ယော ၄း၁၀။ ဘုရားသခင်သည် ကျွန်တော်တို့ကို ချစ်တော်မူလှသည့်အတွက် ကျွန်တော်တို့၏အပြစ်များကို ကျေနပ်စေရန်အတွက် သူ၏သားတော်ကို စေလွှတ်တော်မူကြောင်း သတိရစေပါသည်၊ ၁ယော ၄း၁၀၊၁၁။ ထို့ကြောင့် ဘုရားသခင်သည် မိမိကိုယ်မိမိသာလျှင် ချစ်တော်မူသည်မဟုတ်ပါ၊ သူ၏ချစ်ခြင်းအဝန်းအဝိုင်းကို မိမိ၏ဖြစ်တည်မှုပြင်ပသို့၊ မိမိ၏သုံးပါးတဆူဖြစ်ခြင်းပြင်ပသို့ ချဲ့ထုတ်လျှက်၊ လူသားတို့ကိုလည်း ပါဝင်စေတော်မူကြောင်း ထင်ရှားနေပါသည်။

ထို့ထက်ပို၍ပြောစရာရှိပါသေးသည်။ ကျမ်းစာက ဘုရားသခင် ကျွန်တော်တို့ကို ချစ်ပါသည် ဆိုသည့်အကြောင်းကိုသာ ပြောနေသည်မဟုတ်ပါ၊ လူသားတို့ကလည်း ဘုရားသခင်ကိုချစ်ပါသည်ဆိုသည့်အကြောင်းကို အထူးပြု၍ပြောနေပါသည်။ ချစ်ခြင်းဆိုသည်မှာ တဖက်သတ်ဖြစ်နိုင်ပါသည်၊ သဘောသဘာဝအားဖြင့်၄င်း၊ မူလအစအနေနှင့်၄င်း၊ အကောင်ထည်ပေါ်ဖြစ်လာပုံ၌၄င်း၊ လုံးလုံးလျားလျား ဘုရားသခင်ဖက်မှသာဖြစ်နိုင်ပါသည်။ ဘုရားသခင်၏ချစ်ခြင်း ပေါ်ထွက်လာမှုနှင့်လှုပ်ရှားမှု၏ရလဒ်မှာ၊ ကျွန်တော်တို့က ဘုရားသခင်ကို ပြန်ချစ်ခြင်းဖြစ်ပါသည်။ ထိုသို့ဖြင့် သူနှင့်သူ့လူများကြားတွင် ကျယ်ပြန့်လှသော မိတ်သဟာယဖွဲ့ခြင်း ပေါ်ထွက်လာပါသည်။ အဘယ်ကြောင့်ဆိုသော် အမှန်တကယ်ပင် သူက ကျွန်တော်တို့ကို စ၍ ချစ်တော်မူပါသည်၊ ထိုသို့ဖြင့် ကျွန်တော်တို့က သူ့ကို ပြန်ချစ်ပါသည်၊ ၁ယော ၄း၁၉။ အမှန်အတိုင်းပြောရလျှင် ဘုရားသခင်ကို ကျွန်တော်တို့ချစ်ခြင်းသည် ပညတ်တော်၏နှလုံးသားဖြစ်ပါသည်၊ ဘုရားသခင်ကို ကျွန်တော်တို့သည် စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်အစွမ်းသတ္တိရှိသမျှနှင့်ချစ်ခြင်းသည် အရေးကြီးဆုံးနှင့်အကြီးမြတ်ဆုံးပညတ်တော်

ဖြစ်ပါသည်။ ဘုရားသခင်က ကျွန်တော်တို့ကိုချစ်ခြင်းဖြစ်စေ၊ ကျွန်တော်တို့က ဘုရားသခင့်အချစ်ကိုတုန့်ပြန်၍ချစ်ခြင်းဖြစ်စေ၊ ပေါ်ထွက်လာသော ဘုရားသခင့်ချစ်ခြင်းသည် ခရစ်တော်၌ရှိသော ဘုရားသခင့်ချစ်ခြင်းဖြစ်ပါသည်။ ထိုအချက်ကြောင့်ပင် ကျမ်းစာက ကျွန်တော်တို့ကို မည်သည့်အရာကမှ သခင်ခရစ်တော်၏ချစ်ခြင်းနှင့် မခွဲစေနိုင်ပါဟု အောင်ပွဲခံလျက် ဝမ်းမြောက်စွာ ဟစ်အော်နိုင်းခြင်းဖြစ်သည်၊ ရောမ ၈း၃၅။ သို့သော် ထိုကဲ့သို့ဟစ်အော်ကြဖို့ ခိုင်းပြီးသည်နက်တပြိုင်နက်၊ ဆက်၍ သတိရစေသည်မှာ ထိုသခင်ခရစ်တော် ၏ချစ်ခြင်းသည် ဘုရားသခင်၏ချစ်ခြင်းနှင့်အတူတူဖြစ်ကြောင်းကို ဖြစ်ပါသည်။ ထို့ကြောင့်ထိုရောမအခန်း ကြီး(၈)၌ပင် ကောင်းကင်မှတန်ခိုးဖြစ်စေ၊ မြေကြီးပေါ်မှတန်ခိုးဖြစ်စေ မည်သည်ကမှ ကျွန်တော်တို့ကို သခင် ယေရှုခရစ်တော်ထံ၌ရှိတော်မူသည့် ဘုရားသခင်၏ချစ်ခြင်းနှင့် မကွဲကွာစေနိုင်ပါဟု ပြောနေခြင်းဖြစ်သည်၊ ရောမ ၈း၃၉။ ထို့နောက် ကျွန်တော်တို့က ဘုရားသခင်ကိုချစ်သောချစ်ခြင်းနှင့်ပတ်သက်၍ သခင်ယေရှုက "သင်တို့သည် ငါ့ကိုချစ်လျှင်၊ ငါ့ပညတ်များကိုစောင့်ရှောက်လိုက်နာပါ"ဟု သူ၏တပည့်တော်များကို ပြောခဲ့ ပါသည် ယော ၁၄း၁၅။ နောက်တခါ၊ "လူတယောက်သည် ငါ့ကိုချစ်လျှင်၊ ငါ့စကားတို့ကို စောင့်ရှောက် လိုက်နာမည်"ဟု ပြောပါသည်၊ အဘယ်ကြောင့်ဆိုသော် သူပြောသမျှသောစကားတို့သည်သူ့ကိုယ်ပိုင်မဟုတ်၊ သူ့ကိုစေလွှတ်တော်မူသော ခမည်းတော်၏စကားများဖြစ်သောကြောင့်ပင်၊ ယော၁၄း၂၃၊၂၄။